အကျဉ်းသား ၆,၃၅၉ ဦး သီတင်းကျွတ်တွင် လွှတ်မည်

သတင်းရင်းမြစ် > မျိုးသန့်
အင်္ဂါနေ့၊ အောက်တိုဘာလ ၁၁ ရက် ၂၀၁၁ ခုနှစ် ၁၃ နာရီ ၄၉ မိနစ်

ချင်းမိုင်(မဇ္ဈိမ)။ □□□□□□□။ မြန်မာနိုင်ငံ အကျဉ်းထောင် အသီးသီးရှိ အကျဉ်းသား ၆၃၅၉ ဦးကို သီတင်းကျွတ် လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် လွှတ်ပေးမည် ဖြစ်ကြောင်း သမ္မတ၏ ထုတ်ပြန်ချက်ကို မြန်မာ့ရုပ်မြင်သံကြား (၄)မှ နေ့လည် တနာရီတွင် ကြေညာသွားသည်။ ကြေညာချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တည်ဆဲ ဥပဒေများကို ကျူးလွန် ဖောက်ဖျက်ခဲ့သူများအား တရားဥပဒေနဲ့ အညီ ပြစ်ဒဏ်များ စီရင် ချမှတ်ခဲ့ရပါသည်။ ဤသို့ ပြစ်ဒဏ် စီရင်ခြင်းခံရသည့် အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေး မကောင်းသူများ ကိုယ်လက်အင်္ဂါ ချို့တဲ့သူများ အပါအဝင် အကျဉ်းသားများ အားလုံးထဲမှ ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီး စည်းကမ်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်လာသော အကျဉ်းသားများသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တဘက်တလမ်းမှ အထောက်အကူ ဖြစ်စေသည့် နိုင်ငံသားများ အဖြစ်သို့ ပြုပြင် ပြောင်းလဲ
ပေးနိုင်ရန် အစီအမံများ စနစ်တကျ စီမံ ဆောင်ရွက်ပေးလိုပါသည်။

သို့ဖြစ်ရာ ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် စည်းကမ်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်လာသော အကျဉ်းသားများအား လူသားခြင်းစာနာ ထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့် အနေဖြင့် လည်းကောင်း ယင်းတို့၏ မိသားစုများအား ငဲ့ညှာသော အနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိ အကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ ပါဝင် ထမ်းဆောင်နိုင်ရန် အတွက်လည်းကောင်း ပူးတွဲ အမည်စာရင်းပါ အကျဉ်းသား ၆,၃၅၉ ဦးတို့အား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်□ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ) အရ ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ် များအပေါ် ၁၃၇၃ ခုနှစ် သီတင်းကျွတ် လပြည့်နေ့ ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှစ၍ ကျခံနေရသော ပြစ်ဒဏ် အသီးသီးကို လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။

ပုံ

သိန်းစိန်
နိုင်ငံတော် သမ္မတ
ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်